# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်မြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး

# ဥပဒေ

(၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၁။)

# မွန်ပြည်နယ်မြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) | |
| | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း(၂) | |
| | ရည်ရွယ်ချက်များ | ၃ |
| ၄။ | အခန်း(၃) | |
| | မြေသြဇာကော်မတီဖွဲ့စည်းခြင်း | ၃ |
| ၅။ | အခန်း(၄) | |
| | မြေသြဇာကော်မတီ၏လုပ်ငန်းတာဝန်များ | ၄ |
| ၆။ | အခန်း(၅) | |
| | မှတ်ပုံတင်ခြင်း | ၅ |
| ၇။ | အခန်း(၆) | |
| | လိုင်စင် | ၇ |
| ၈။ | အခန်း(၇) | |
| | စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း | ၈ |
| ၉။ | အခန်း(၈) | |
| | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၉ |
| ၁၀။ | အခန်း(၉) | |
| | အယူခံခြင်း | ၁၀ |
| ၁၁။ | အခန်း(၁၀) | |
| | တားမြစ်ချက်များ | ၁၁ |
| ၁၂။ | အခန်း(၁၁) | |
| | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၁ |
| ၁၃။ | အခန်း(၁၂) | |
| | အထွေထွေ | ၁၂ |
| ၁၄။ | နောက်ဆက်တွဲပုံစံများ | |

# မွန်ပြည်နယ်မြေသြဇာများစနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ
# (၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၁ ။ )
# ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
# ( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်မြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကိုဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြေသြဇာကော်မတီကို ဆိုသည်၊

(စ) **မြေသြဇာ** ဆိုသည်မှာ ဓါတ်မြေသြဇာ၊ ဇီဝမြေသြဇာနှင့် သဘာဝမြေသြဇာ တို့ကို ဆိုသည်၊

(ဆ) **ဓါတ်မြေသြဇာ** ဆိုသည်မှာ သဘာဝအရ ပြုလုပ်ဖွဲ့စည်းမှုမဟုတ်ဘဲ ဓာတုပစ္စည်းများဖြင့် တစ်နည်းနည်း ပြုပြင်စီမံထားသည့် မြေသြဇာကို ဆိုသည်၊

(ဇ) **ဇီဝမြေသြဇာ** ဆိုသည်မှာ အပင်များရှင်သန်ကြီးထွားရေးအတွက် အကျိုးပြုသက်ရှိများ ဖြစ်သည့် ဘက်တီးရီးယား၊ မှိုစသည့်တို့ဖြင့် ပွားများထုတ်လုပ်သည့် မြေသြဇာကို ဆိုသည်၊

(ဈ) **သဘာဝမြေဩဇာ** ဆိုသည်မှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြေ့စေပြီး ပြုပြင်စီမံရရှိသော ပစ္စည်းများကိုလည်းကောင်း ဆိုသည်၊

(ည) **စံချိန်စံညွှန်း** ဆိုသည်မှာ မြေဩဇာတွင် ပါဝင်ရမည့် အပင်အာဟာရဓါတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများ၏ အမျိုးအစား၊ အရည်အသွေးနှင့်စပ်လျဉ်း၍ မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့က စံအဖြစ် သတ်မှတ်ပေးချက်ကို ဆိုသည်၊

(ဋ) **အဆိပ်ရှိပစ္စည်း** ဆိုသည်မှာသက်ရှိသတ္တဝါ သို့မဟုတ် အပင်ကို အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်၊

(ဌ) **အရည်အသွေးအာမခံချက်** ဆိုသည်မှာ မြေဩဇာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း  အာမခံချက်ကို ဆိုသည်၊

(ဍ) **ကုန်အမှတ်တံဆိပ်** ဆိုသည်မှာ မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အမှတ်အသားကို ဆိုသည်၊

(ဎ) **မြေဩဇာလုပ်ငန်း** ဆိုသည်မှာ  မြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊  သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကို ဆိုသည်၊

(ဏ) **သိုလှောင်ခြင်း** ဆိုသည်မှာ မြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် အလို့ငှာ စုဆောင်းသိမ်းဆည်းထားခြင်းကို ဆိုသည်၊

(တ) **ဖြန့်ဖြူးရောင်းချခြင်း** ဆိုသည်မှာ လိုင်စင်လျှောက်ထားရယူပြီး ကော်မတီက သတ်မှတ်ထားသော စည်းကမ်း၊ အလေးချိန်၊ ပမာဏအတိုင်း မြေဩဇာဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်၊

(ထ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဓါတ်မြေဩဇာမှအပ မြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက် လက်မှတ်ကို ဆိုသည်၊

(ဒ) **လိုင်စင်** ဆိုသည်မှာ မြေဩဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့် ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်လက်မှတ်ကို ဆိုသည်၊

(ဓ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဥပဒေပုဒ်မ ၂၃ အရ ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကိုဆိုသည်၊

(န) **ဦးစီးဌာနမှူး** ဆိုသည်မှာ  လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် တာဝန်ခံအသီးသီးကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊

(ခ) မြေဩဇာလုပ်ငန်းများကို စနစ်တကျကြီးကြပ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) သင့်လျော်သော မြေဩဇာကို စနစ်တကျသုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊

(ဃ) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေဩဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊

(င) မြေဩဇာကို စိုက်ပျိုးသူများ စနစ်တကျသုံးစွဲရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသန လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်၊

(စ) မြေဩဇာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဆ) သီးနှံများကို ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန်နှင့် သဘာဝအော်ဂင်းနစ် စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ရန်။

## အခန်း(၃)
## မြေဩဇာကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် မြေဩဇာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>ပြည်နယ်အစိုးရအဖွဲ့၊ | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ဆည်မြောင်းဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |

(င) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်သစ်တောဦးစီးဌာန၊

(စ) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊

(ဆ) မွန်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှု အဖွဲ့ဝင်
လုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်၊

(ဇ) မွန်ပြည်နယ်ဆန်စပါးအသင်း ကိုယ်စားလှယ်၊ အဖွဲ့ဝင်

(ဈ) ပြည်နယ်ဦးစီးမှူး အတွင်းရေးမှူး
ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန။

၅။ အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## **အခန်း(၄)**
## **မြေသြဇာကော်မတီ၏လုပ်ငန်းတာဝန်များ**

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြေသြဇာ၏ စံချိန်စံညွှန်းကို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း၊

(ဂ) ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရယူရန် လိုအပ်သည့် မြေသြဇာ အလေးချိန်ပမာဏကို သတ်မှတ်ခြင်း၊

(ဃ) မြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းရှင်းစေရေး၊ လူနှင့် တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်၊ လိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ခြင်း မှတ်ပုံတင်လက်မှတ်၊ လိုင်စင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်၊ လိုင်စင်ကို သက်တမ်းသတ်မှတ်ခြင်း၊ပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဆ) မှတ်ပုံတင်စည်းကမ်း၊ လိုင်စင် စည်းကမ်းများ သတ်မှတ်ခြင်း၊

(ဇ) မြေသြဇာနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများကို ထုတ်လုပ်ဖြန့်ဖြူးသူများအား ဆောင်ရွက်စေခြင်း၊

(ဈ) စိုက်ပျိုးသူများက မြေသြဇာကို စနစ်တကျသုံးစွဲကြစေရန် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ည) မြေသြဇာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ဈေးကွက်အတွင်းရှိ မြေသြဇာကို ကောက်နုတ်စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း။

၇။ ကော်မတီသည် မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည် -

(က) ပြည်နယ်ဦးစီးမှူး ဥက္ကဋ္ဌ
ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊

(ခ) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊

(ဂ) ဓါတုဗေဒဌာန၊ ကိုယ်စားလှယ် အဖွဲ့ဝင်
မော်လမြိုင်တက္ကသိုလ်၊

(ဃ) ရုက္ခဗေဒဌာန၊ ကိုယ်စားလှယ် အဖွဲ့ဝင်
မော်လမြိုင်တက္ကသိုလ်၊

(င) အဏ္ဏဝါသိပ္ပံဌာန၊ ကိုယ်စားလှယ် အဖွဲ့ဝင်
မော်လမြိုင်တက္ကသိုလ်၊

(စ) မော်လမြိုင်နည်းပညာတက္ကသိုလ်၊ ကိုယ်စားလှယ်၊ အဖွဲ့ဝင်

(ဆ) တာဝန်ခံ အဖွဲ့ဝင်
နှစ်ရှည်ပင်များအသုံးချရေးသုတေသနဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မွန်ပြည်နယ်၊

(ဇ) ပြည်နယ်မြေအသုံးချရေး တာဝန်ခံ၊ အတွင်းရေးမှူး
စိုက်ပျိုးရေးဦးစီးဌာန။

၈။ မြေသြဇာဆိုင်ရာနည်းပညာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီမှ ညွှန်းပို့လာသော မြေသြဇာများအား ဓါတ်ခွဲစစ်ဆေးခြင်း၊

(ခ) မြေသြဇာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများက စစ်ဆေးရန် တင်ပြလာသော မြေသြဇာများကို ဓါတ်ခွဲစစ်ဆေးခြင်း၊

(ဂ) စစ်ဆေးတွေ့ရှိချက်များကို သဘောထားမှတ်ချက်ဖြင့် ကော်မတီသို့ ပေးပို့ခြင်း၊

(ဃ) ဓါတ်ခွဲခန်း၏ အမှန်တကယ်ကုန်ကျစရိတ်ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအား ပေးသွင်းစေခြင်း။

## အခန်း(၅)
## မှတ်ပုံတင်ခြင်း

၉။ ဓါတ်မြေသြဇာမှအပ မြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ် ရရှိရန် **နောက်ဆက်တွဲ ပုံစံ (၁)** ဖြင့် ကော်မတီသို့ လျှောက်ထားရမည်။

၁၀။ ကော်မတီသည်-

(က) ပုဒ်မ ၉ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ၊ စံချိန်စံညွှန်းများနှင့် ညီမညီ စစ်ဆေးတင်ပြရန် မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့ထံ ညွှန်းပို့ရမည်၊

(ခ) ပုဒ်မခွဲ (က)ပါ တင်ပြချက်များကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက **နောက်ဆက်တွဲ ပုံစံ (၂)** ဖြင့် လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၁။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်၊

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်နှင့်စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) သက်ဆိုင်ရာဦးစီးဌာနမှူးနှင့် စစ်ဆေးရေးအဖွဲ့က လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍ **နောက်ဆက်တွဲပုံစံ(၃)**ဖြင့် ကော်မတီသို့ လျှောက်ထားရမည်။

၁၃။ ကော်မတီသည်-

(က) ပုဒ်မ ၁၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက **နောက်ဆက်တွဲပုံစံ(၄)**ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခနှင့် ဓါတ်ခွဲစမ်းသပ်ခတို့ကို ကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း(၆)
## လိုင်စင်

၁၅။ (က) မြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင် ရရှိရန် **နောက်ဆက်တွဲပုံစံ(၅)**ဖြင့် ကော်မတီသို့ လျှောက်ထားရမည်။ ဓါတ်မြေသြဇာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော တည်ဆဲမြေသြဇာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက **နောက်ဆက်တွဲပုံစံ(၆)**ဖြင့် လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်နှင့် အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၆။ (က) မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် **နောက်ဆက်တွဲပုံစံ (၇)** ဖြင့် ကော်မတီသို့ လျှောက်ထားရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက **နောက်ဆက်တွဲပုံစံ(၈)**ဖြင့် လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်နှင့် အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၇။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) သက်ဆိုင်ရာဦးစီးဌာနမှူးနှင့်စစ်ဆေးရေးအဖွဲ့က လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၈။ မြေသြဇာကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(က) ကုန်အမှတ်တံဆိပ်၊

(ခ) မြေသြဇာ၏ အသားတင်အလေးချိန်၊

(ဂ) အရည်အသွေးအာမခံချက်၊

(ဃ) မြေသြဇာတွင် ပါဝင်သော အာဟာရဓာတ်များ၏ ရာခိုင်နှုန်း၊

(င) မြေသြဇာတွင် ပါဝင်သော ပေါင်းစပ်၊ ရောနှောသည့်ပစ္စည်းများ၏ အမည်၊ အချိုးအစား၊ ရာခိုင်နှုန်း

(စ) သုံးစွဲရန်အညွှန်းစာ။

၁၉။ မြေဩဇာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် ရရှိသူသည် ပုဒ်မ ၁၈ ပါ အချက်များဖော်ပြထားသော မြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။

၂၀။ (က) မြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍ **နောက်ဆက်တွဲပုံစံ(၉)**ဖြင့် ကော်မတီသို့ လျှောက်ထားရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက **နောက်ဆက်တွဲပုံစံ(၁၀)**ဖြင့် လျှောက်ထားသူအား သက်တမ်းတိုးလိုင်စင်ကို ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၂၁။ (က) မြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍ **နောက်ဆက်တွဲပုံစံ(၁၁)**ဖြင့် ကော်မတီသို့ လျှောက်ထားရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက **နောက်ဆက်တွဲပုံစံ(၁၂)**ဖြင့် လျှောက်ထားသူအား သက်တမ်းတိုးလိုင်စင်ကို ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၂၂။ လိုင်စင်ရရှိသူသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်း တိုးမြှင့်ခနှင့် ဓါတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို ကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း(၇)
## စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း

၂၃။ ကော်မတီသည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ | အဖွဲ့ခေါင်းဆောင် |
| (ခ) | မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး၊ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အရာရှိကိုယ်စားလှယ်တစ်ဦး၊ | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိကိုယ်စားလှယ်တစ်ဦး၊ | အဖွဲ့ဝင် |
| (င) | မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိကိုယ်စားလှယ်တစ်ဦး၊ | အဖွဲ့ဝင် |

(စ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ဝင်
အရာရှိကိုယ်စားလှယ်တစ်ဦး၊

(ဆ) မြေအသုံးချရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနမှ အဖွဲ့ဝင်
ကိုယ်စားလှယ်တစ်ဦး။

၂၄။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ မြေသြဇာလုပ်ငန်းကို စစ်ဆေးခြင်း၊

(ခ) မြေသြဇာကို စံချိန်စံညွှန်းနှင့်ညီ၊ မညီ စစ်ဆေးရန် နမူနာရယူခြင်း၊ ဓါတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန် ကော်မတီသို့ တင်ပြခြင်း၊

(ဂ) မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းတွင်သာ သုံးစွဲခြင်း ပြု၊ မပြု စစ်ဆေးခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်၊ မှတ်ပုံတင်လက်မှတ်စည်းကမ်းချက်၊ လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ကော်မတီသို့ တင်ပြခြင်း၊

(င) ကော်မတီက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၅။ စီမံခန့်ခွဲရေးပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုထားသော မြေသြဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ကော်မတီမှချမှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) ဒဏ်ကြေးငွေကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး မြေသြဇာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(င) မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၆။ ကော်မတီသည် ပုဒ်မ ၁၁ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၂၅ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၇။ ကော်မတီသည် အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာလုပ်ငန်းလိုင်စင် ရရှိသူအား ပုဒ်မ ၂၅ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) မြေသြဇာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) မြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်းလိုင်စင်ရရှိသူက ပုံစံ ၁၈ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဂ) မြေသြဇာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူက ပုံစံ ၁၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း။

## အခန်း(၉)
## အယူခံခြင်း

၂၈။ (က) မြေသြဇာ ထုတ်လုပ်ခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ ကော်မတီက ဤဥပဒေပုဒ်မ ၂၆ အရ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ)အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၂၉။ (က) မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ ကော်မတီက ဤဥပဒေပုဒ်မ ၂၇ အရ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ)အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၃၀။ (က) မြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ ကော်မတီက ဤဥပဒေပုဒ်မ ၂၇ အရချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ်ဆုံးဖြတ်ချက်ကိုချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ)အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၀)
## တားမြစ်ချက်များ

၃၁။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း မပြုရ။

၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ မြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၃။ မည်သူမျှ မြေသြဇာအတုကိုဖြစ်စေ၊ စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော မြေသြဇာကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၃၄။ မည်သူမျှ အဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော မြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၅။ မည်သူမျှ မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။

## အခန်း(၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၆။ မည်သူမဆို ပုဒ်မ ၃၁၊ ၃၂၊ ၃၃ နှင့် ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ခြောက်လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၅၀၀၀၀(ကျပ်တစ်သိန်းငါးသောင်း) အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၃၈။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော မြေသြဇာကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

၃၉။ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောမြေသြဇာကို ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲနိုင်သည်။

## အခန်း(၁၂)

## အထွေထွေ

၄၀။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့တွင် မြေသြဇာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၁။ ကော်မတီသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓါတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ပေးရမည်။

၄၂။ ကော်မတီသည် မြေသြဇာလုပ်ငန်းတစ်ခုခုအတွက် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ အခကြေးငွေ ပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၃။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးနှင့်အခကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၄၄။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော မြေသြဇာနှင့်စပ်လျဉ်း၍ ကော်မတီမှ ညွှန်ကြားသည့် အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၅။ ကော်မတီသည် မြေသြဇာကို ပြည်တွင်းသို့ တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ရန်ဖြစ်စေ၊ ပါမစ် သို့မဟုတ် လိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ထောက်ခံချက် ပေးနိုင်သည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများတွင် မြေသြဇာနှင့်စပ်လျဉ်း၍ မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့၏ ဓါတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် သက်သေခံချက် ဖြစ်စေရမည်။

၄၇။ ဤဥပဒေအရ ကျူးလွန်သည့် ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၈။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း၊ ဓါတ်ပုံ အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်။

၄၉။ ဓါတ်မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမှပြဋ္ဌာန်းထားသော တည်ဆဲမြေသြဇာ ဥပဒေများအရသာ အရေးယူဆောင်ရွက်ခွင့်ရှိသည်။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်

ပြည်နယ်ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

နောက်ဆက်တွဲပုံစံ (၁)

# မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်လွှာပုံစံ

ရက်စွဲ၊ - -

သို့

အတွင်းရေးမှူး

မြေသြဇာကော်မတီ

မွန်ပြည်နယ်

အကြောင်းအရာ။ **မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်းကိစ္စ။**

မြေသြဇာထုတ်လုပ်ရန်အတွက် မှတ်ပုံတင်ဆောင်ရွက်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူ ------------------------------------------

(က) အမည် ------------------------------------------

(ခ) ကုမ္ပဏီ/လုပ်ငန်းအမည် ------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ------------------------------------------
နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------

၃။ ပညာအရည်အချင်း ------------------------------------------

၄။ အမြဲတမ်း နေရပ်လိပ်စာ ------------------------------------------

၅။ မြေသြဇာ ထုတ်လုပ်၊ ------------------------------------------
ရောင်းချ၊ သိုလှောင်သည့်နေရာ ------------------------------------------
အဆောက်အဦလိပ်စာ ------------------------------------------

(က) အဆောက်အဦအမျိုးအစား ------------------------------------------
(အမိုး၊ အကာ၊ အခင်း) ------------------------------------------

(ခ) ဧရိယာအကျယ်အဝန်း ------------------------------------------

(ဂ) စက်ရုံမှတ်ပုံတင် ရရှိပြီး/မပြီး ------------------------------------------

(ဃ) စက်မှုဝန်ကြီးဌာနမှ ------------------------------------------
ခွင့်ပြုသည့်မှတ်ပုံတင်အမှတ်နှင့် ------------------------------------------
နေ့စွဲ ------------------------------------------

၆။ ထုတ်လုပ်မည့်မြေသြဇာ

(က) အမည် ------------------------------------

(ခ) စံချိန်စံညွှန်းများ (၁) ------------------------------------
(၂) ------------------------------------
(၃) ------------------------------------
(၄) ------------------------------------
(၅) ------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း

(၁) အမျိုးအစား ------------------------------------

(၂) အရွယ်အစား ------------------------------------

(၃) အသားတင်အလေးချိန် ------------------------------------

၇။ နှစ်အလိုက်ထုတ်လုပ်ရန်ခန့်မှန်း ------------------------------------
ပမာဏ(မက်ထရစ်တန်/လီတာ)

၈။ ထုတ်လုပ်မည့်တာဝန်ရှိပုဂ္ဂိုလ်

(က) အမည် ------------------------------------

(ခ) ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် ------------------------------------
လုပ်ငန်းအတွေ့အကြုံ ------------------------------------

------------------------------------

------------------------------------

၉။ အခြားအချက်အလက်များ

(က) ပညာရပ်ဆိုင်ရာအချက်အလက်များ ------------------------------------

(ခ) ထုတ်လုပ်မှုနည်းစနစ်အကျဉ်း ------------------------------------

(ဂ) ဘေးထွက်/စွန့်ပစ်ပစ္စည်းများကို ------------------------------------
ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ------------------------------------
ဆောင်ရွက်ထားရှိသည့် အစီအစဉ် ------------------------------------

------------------------------------

------------------------------------

**"မှတ်ချက်"။** အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲဖြင့် ဖော်ပြရမည်။

------------------
(လျှောက်ထားသူ၏လက်မှတ်)

(ဂ) ထုပ်ပိုးပစ္စည်း

(၁) အမျိုးအစား ------------------------------------

(၂) အရွယ်အစား ------------------------------------

(၃) အသားတင်အလေးချိန် ------------------------------------

၇။ နှစ်အလိုက်ထုတ်လုပ်ရန်ခန့်မှန်း ------------------------------------
ပမာဏ(မက်ထရစ်တန်/လီတာ)

၈။ ထုတ်လုပ်မည့်တာဝန်ရှိပုဂ္ဂိုလ်

(က) အမည် ------------------------------------

(ခ) ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် ------------------------------------
လုပ်ငန်းအတွေ့အကြုံ ------------------------------------

------------------------------------

------------------------------------

၉။ အခြားအချက်အလက်များ

(က) ပညာရပ်ဆိုင်ရာအချက်အလက်များ ------------------------------------

(ခ) ထုတ်လုပ်မှုနည်းစနစ်အကျဉ်း ------------------------------------

(ဂ) ဘေးထွက်/စွန့်ပစ်ပစ္စည်းများကို ------------------------------------
ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ------------------------------------
ဆောင်ရွက်ထားရှိသည့် အစီအစဉ် ------------------------------------

------------------------------------

------------------------------------

**"မှတ်ချက်"။** အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲဖြင့် ဖော်ပြရမည်။

------------------

(လျှောက်ထားသူ၏လက်မှတ်)

# မြေသြဇာထုတ်လုပ်ခွင့်မှတ်ပုံတင်သက်တမ်းတိုးမြှင့်ရန်လျှောက်ထားခြင်းလျှောက်လွှာပုံစံ

ရက်စွဲ၊ - -

သို့

အတွင်းရေးမှူး

မြေသြဇာကော်မတီ

မွန်ပြည်နယ်

အကြောင်းအရာ။ **မြေသြဇာထုတ်လုပ်ခွင့်မှတ်ပုံတင်သက်တမ်းတိုးမြှင့်ရန်လျှောက်ထားခြင်း။**

၁။ --------------ကုမ္ပဏီ/လုပ်ငန်းမှ ဦး/ဒေါ်-----ကို မွန်ပြည်နယ်အတွင်း မြေသြဇာထုတ်လုပ်ခွင့်မှတ်ပုံတင်လက်မှတ်အမှတ်---------------ဖြင့် မြေသြဇာထုတ်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ တာဝန်ခံထုတ်လုပ်သူအမည် --------------------------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ------------------------------------------------

နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------------

၅။ ယခင်မှတ်ပုံတင်ရရှိခဲ့ပြီးသောမြေသြဇာ

(က) အမည် ------------------------------------------------

(ခ) စံချိန်စံညွှန်း ------------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း

(၁) အမျိုးအစား ------------------------------------------

(၂) အရွယ်အစား ------------------------------------------

(၃) အသားတင်အလေးချိန်------------------------------------------

၆။ ဖြန့်ဖြူးခဲ့သည့်ပမာဏ

(က) အရေအတွက် ------------------------------------------------

(ခ) တန်ဘိုး ------------------------------------------------

၇။ မှတ်ပုံတင်သက်တမ်းကုန်ဆုံးခဲ့သည့်နေ့

**“မှတ်ချက်”** မူလမှတ်ပုံတင်လက်မှတ်ကို ပူးတွဲတင်ပြအပ်ပါသည်။

------------------

(လျှောက်ထားသူ၏လက်မှတ်)

## မွန်ပြည်နယ်မြေဩဇာကော်မတီ
## မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းလက်မှတ်

ရက်စွဲ၊ - -

၁။ မှတ်ပုံတင်လက်မှတ် အမှတ်စဉ်၊ ---------------------------------------------------
ရက်စွဲပါ လျှောက်လွှာအမှတ်၊ --------------------------ဖြင့် မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ပြီး မှတ်ပုံတင်လျှောက်ထားသော မြေဩဇာအား မွန်ပြည်နယ်မြေဩဇာများစနစ်တကျ ထုတ်လုပ်သုံးစွဲရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

၂။ တာဝန်ခံထုတ်လုပ်သူ
(က) အမည် ---------------------------------------------------
(ခ) ကုမ္ပဏီ/လုပ်ငန်း ---------------------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ---------------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------------------

၅။ လုပ်ငန်းလိပ်စာ ---------------------------------------------------

၆။ မှတ်ပုံတင်ထားသောမြေဩဇာ
(က) အမည် ---------------------------------------------------
(ခ) စံချိန်စံညွှန်း ---------------------------------------------------
(ဂ) ထုပ်ပိုးပစ္စည်း
(၁) အမျိုးအစား ---------------------------------------------------
(၂) အရွယ်အစား ---------------------------------------------------
(၃) အသားတင်အလေးချိန် ---------------------------------------------------

၇။ မှတ်ပုံတင်သက်တမ်းကုန်ဆုံးခဲ့သည့်နေ့ -------------------------------------

၈။ ယခုမှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်နေ့ -------------------------------------

ရုံးတံဆိပ်

(အတွင်းရေးမှူး)
မြေဩဇာကော်မတီ
မွန်ပြည်နယ်

နောက်ဆက်တွဲပုံစံ (၅)

# စီးပွားရေးအလို့ငှာ မြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင် လျှောက်လွှာပုံစံ

ရက်စွဲ၊ - -

သို့

အတွင်းရေးမှူး

မြေသြဇာကော်မတီ

မွန်ပြည်နယ်

အကြောင်းအရာ။ **စီးပွားရေးအလို့ငှာ မြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း။**

စီးပွားရေးအလို့ငှာ မြေသြဇာပေါင်းစပ်ခြင်း/ရောနှောခြင်း/ပြန်လည်ထုပ်ပိုးခြင်း/သိုလှောင်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုလိုင်စင်ထုတ်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ

(က) အမည် ------------------------------------------------

(ခ) ကုမ္ပဏီ/လုပ်ငန်းအမည် ------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------

၃။ ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် ------------------------------------------------

အတွေ့အကြုံ ------------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------------

၅။ မြေသြဇာပေါင်းစပ်၊ ရောနှော၊ ပြန်လည် ------------------------------------------

ထုပ်ပိုး၊ သိုလှောင်မည့်နေရာ၊ ------------------------------------------------

အဆောက်အဦ လိပ်စာ ------------------------------------------------

(က) အဆောက်အဦအမျိုးအစား ------------------------------------------------

(အမိုး၊ အကာ၊ အခင်း) ------------------------------------------------

------------------------------------------------

(ခ) ဧရိယာအကျယ်အဝန်း ------------------------------------------------

------------------------------------------------

**နောက်ဆက်တွဲပုံစံ (၅)အဆက်**

၆။ ပေါင်းစပ်၊ ရောနှော၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းပြုလုပ်မည့်မြေသြဇာများ

| အမှတ်စဉ် | အမည် | စံချိန်စံညွှန်း | ထုပ်ပိုးပစ္စည်း အမျိုးအစား | အရွယ်အစား | အသားတင်အလေးချိန် |
|---|---|---|---|---|---|
| ၁။ | -------- | ------------ | ------------ | ------------- | -------------------- |
| ၂။ | -------- | ------------ | ----------- | ------------- | -------------------- |
| ၃။ | -------- | ------------ | ----------- | ------------- | -------------------- |
| ၄။ | -------- | ------------ | ----------- | ------------- | -------------------- |
| ၅။ | -------- | ------------ | ----------- | ------------- | -------------------- |

၇။ ပေါင်းစပ်၊ ရောနှော၊ ပြန်လည်ထုပ်ပိုးပြီး သိုလှောင်မည့် မြေသြဇာ၏ အသေးစိတ်ဖော်ပြချက်

| အမှတ်စဉ် | အမည် | စံချိန်စံညွှန်း | ထုပ်ပိုးပစ္စည်း အမျိုးအစား | အရွယ်အစား | အသားတင်အလေးချိန် |
|---|---|---|---|---|---|
| ၁။ | -------- | ------------ | ------------ | ------------- | -------------------- |
| ၂။ | -------- | ------------ | ----------- | ------------- | -------------------- |
| ၃။ | -------- | ------------ | ----------- | ------------- | --------------------- |
| ၄။ | -------- | ------------ | ----------- | ------------- | -------------------- |
| ၅။ | -------- | ------------ | ----------- | ------------- | -------------------- |

၈။ နှစ်စဉ်ထုတ်လုပ်ရန် ခန့်မှန်းပမာဏ ------------------------------------------
(မက်ထရစ်တန်/လီတာ) ------------------------------------------

၉။ ထုတ်လုပ်မည့် တာဝန်ရှိ ပုဂ္ဂိုလ်ပညာရှင်ဆိုင်ရာအရည်အချင်းများ

(က) အမည် ------------------------------------------------

(ခ) ပညာအရည်အချင်းနှင့် ------------------------------------------------
လုပ်ငန်းအတွေ့အကြုံ ------------------------------------------------

---------------------

လျှောက်ထားသူ၏လက်မှတ်

နောက်ဆက်တွဲပုံစံ (၆)

**မွန်ပြည်နယ်မြေသြဇာကော်မတီ**

**စီးပွားရေးအလို့ငှာ မြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း**

**လုပ်ငန်းခွင့်ပြုလိုင်စင်**

ရက်စွဲ၊ - -

၁။ လိုင်စင်အမှတ် -----------------------------/ ------------------------------------- ရက်စွဲပါ လျှောက်လွှာအမှတ်------------------------ဖြင့် လုပ်ငန်းခွင့်ပြုလိုင်စင် ရရှိရန် လျှောက်ထားသော--------------------ကုမ္ပဏီ / လုပ်ငန်းမှ ဦး / ဒေါ် ------------------ နိုင်ငံသားစိစစ်ရေးကတ်ပြား / နိုင်ငံသားမှတ်ပုံတင်အမှတ် --------------------------------- အား -------------------------အောက်ဖော်ပြပါ ကျွမ်းကျင်သူများ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် -------------------တွင်ရှိသော အဆောက်အအုံ/သိုလှောင်ရုံများတွင် ဖော်ပြထားသည့် မြေသြဇာကို ပေါင်းစပ်ခြင်း/ရောနှောခြင်း/ပြန်လည်ထုပ်ပိုးခြင်း/သိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မွန်ပြည်နယ်မြေသြဇာများစနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ) အရ ခွင့်ပြုလိုက်သည်။

(က) အမည် ------------------------------------------
(ခ) ပညာရပ်ဆိုင်ရာအရည်အချင်းနှင့် ------------------------------------------
လုပ်ငန်းအတွေ့အကြုံ ------------------------------------------

-

| အမှတ်စဉ် | အမည် | စံချိန်စံညွှန်း | အမျိုးအစား | ထုပ်ပိုးပစ္စည်း အရွယ်အစား | အသားတင်အလေးချိန် |
|---|---|---|---|---|---|
| ၁။ | -------- | ------------ | ------------ | ------------- | -------------------- |
| ၂။ | -------- | ------------ | ----------- | ------------- | -------------------- |
| ၃။ | -------- | ------------ | ----------- | ------------- | ---------------------- |
| ၄။ | -------- | ------------ | ----------- | ------------- | -------------------- |
| ၅။ | -------- | ------------ | ----------- | ------------- | -------------------- |

**စည်းကမ်းချက်များ**

(က) မြေသြဇာပေါင်းစပ်/ရောနှော/ပြန်လည်ထုပ်ပိုး/သိုလှောင်ထားသော မြေသြဇာနှင့်ပတ်သက်၍ လိုင်စင်လျှောက်ထားစဉ်က ဖော်ပြခဲ့သည့် မြေသြဇာ စံချိန်စံညွှန်းနှင့် ထုပ်ပိုးပစ္စည်း၊ အမျိုးအစား၊ အရွယ်အစားနှင့် အသားတင်အလေးချိန်အတိုင်း ဖြစ်ရမည်။

(ခ) လိုင်စင်ရရှိပြီးသည့် မြေသြဇာပေါင်းစပ်/ရောနှော/ပြန်လည်ထုပ်ပိုးလုပ်ငန်းတွင် မြေသြဇာ တစ်မျိုးမျိုးအား ဖြည့်စွက်ခြင်း၊ ထုတ်နုတ်ခြင်းကို ဆောင်ရွက်လိုပါက ထပ်မံ၍ ဖြည့်စွက် ထည့်သွင်းရန်အလို့ငှာ လျှောက်လွှာအသစ်တစ်စောင် ထပ်မံလျှောက်ထားရမည်။

ရုံးတံဆိပ်

(အတွင်းရေးမှူး)
မြေသြဇာကော်မတီ
မွန်ပြည်နယ်

## မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်လွှာပုံစံ

ရက်စွဲ၊ - -

သို့

အတွင်းရေးမှူး

မြေသြဇာကော်မတီ

မွန်ပြည်နယ်

အကြောင်းအရာ။ **မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်လျှောက်ထားခြင်း။**

မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ

(က) အမည် ------------------------------------------------

(ခ) ကုမ္ပဏီ/လုပ်ငန်းအမည် ------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ------------------------------------------------
နိုင်ငံခြားသားမှတ်ပုံတင်အမှတ်

၃။ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ------------------------------------------------
အရည်အချင်းနှင့် ------------------------------------------------
လုပ်ငန်းအတွေ့အကြုံ ------------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------------

၅။ မြေသြဇာ ဖြန့်ဖြူးရောင်းချမည့်နေရာ၊ ------------------------------------------------
အဆောက်အဦလိပ်စာ ------------------------------------------------

(က) အဆောက်အဦအမျိုးအစား (အမိုး၊ အကာ၊ အခင်း) --------------------------------
------------------------------------------------------------------------

(ခ) ဧရိယာအကျယ်အဝန်း ------------------------------------------------

၆။ ဖြန့်ဖြူးရောင်းချမည့် မြေသြဇာများ ------------------------------------------------
------------------------------------------------
------------------------------------------------

နောက်ဆက်တွဲပုံစံ(၇)အဆက်

| အမှတ်စဉ် | အမည် | စံချိန်စံညွှန်း | အမျိုးအစား | ထုပ်ပိုးပစ္စည်း အရွယ်အစား | အသားတင်အလေးချိန် |
|---|---|---|---|---|---|
| ၁။ | -------- | ------------ | ------------ | ------------- | ---------------------- |
| ၂။ | -------- | ------------ | ----------- | ------------- | ---------------------- |
| ၃။ | -------- | ------------ | ----------- | ------------- | ---------------------- |
| ၄။ | -------- | ------------ | ----------- | ------------- | ---------------------- |
| ၅။ | -------- | ------------ | ----------- | ------------- | ---------------------- |

-----------------------

လျှောက်ထားသူ၏ လက်မှတ်

နောက်ဆက်တွဲပုံစံ (၈)

# မွန်ပြည်နယ်မြေဩဇာကော်မတီ
# မြေဩဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်

ရက်စွဲ၊ - -

၁။ လိုင်စင်အမှတ် -----------------------------/ -------------------------------------- ------------------ကုမ္ပဏီ / လုပ်ငန်းမှ ---------------------------------ရက်စွဲပါ လျှောက်လွှာအမှတ်-------------------------ဖြင့် မြေဩဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင် လျှောက်ထားသော--------------------ကုမ္ပဏီ / လုပ်ငန်းမှ ဦး / ဒေါ် ------------------ နိုင်ငံသားစိစစ်ရေးကတ်ပြား / နိုင်ငံသားမှတ်ပုံတင်အမှတ် -------------------------------- အား ---------------------------တွင်ရှိသော အဆောက်အဦတွင် ဖော်ပြထားသည့် မြေဩဇာများကို မွန်ပြည်နယ်မြေဩဇာများစနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ခ)အရ ဖြန့်ဖြူးရောင်းချခွင့် ပြုလိုက်သည်။

| **အမှတ်စဉ်** | **အမည်** | **စံချိန်စံညွှန်း** | **အမျိုးအစား** | **ထုပ်ပိုးပစ္စည်း အရွယ်အစား** | **အသားတင်အလေးချိန်** |
|---|---|---|---|---|---|
| ၁။ | -------- | ------------ | ------------ | ------------- | --------------------- |
| ၂။ | -------- | ------------ | ----------- | ------------- | --------------------- |
| ၃။ | -------- | ------------ | ----------- | ------------- | ---------------------- |
| ၄။ | -------- | ------------ | ----------- | ------------- | --------------------- |
| ၅။ | -------- | ------------ | ----------- | ------------- | --------------------- |
| ၆။ | -------- | ------------ | ----------- | ------------- | --------------------- |
| ၇။ | -------- | ------------ | ----------- | ------------- | --------------------- |
| ၈။ | -------- | ------------ | ----------- | ------------- | --------------------- |

**<u>စည်းကမ်းချက်များ</u>**

(က) လိုင်စင်တွင် ဖော်ပြထားသော မြေသြဇာများကိုသာ ဖြန့်ဖြူးရောင်းချရမည်။

( ခ) ဖော်ပြပါ မြေသြဇာများအပြင်ထပ်မံ၍ မြေသြဇာအသစ်များ ဖြန့်ဖြူးရောင်းချလိုပါက လျှောက်လွှာအသစ်တစ်စောင် ထပ်မံတင်ပြ လျှောက်ထားရမည်။

(ဂ) မြေသြဇာဝယ်ယူသူများ၏ အမည်နှင့် နေရပ်လိပ်စာကို ရေးမှတ်ပြီးပြေစာများဖြင့် ရောင်းချရမည်။

(ဃ) မြေသြဇာအတုကိုဖြစ်စေ၊ စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော မြေသြဇာကိုဖြစ်စေ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

**ရုံးတံဆိပ်**

(အတွင်းရေးမှူး)
မြေသြဇာကော်မတီ
မွန်ပြည်နယ်

နောက်ဆက်တွဲပုံစံ (၉)

**စီးပွားရေးအလို့ငှာ မြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာပုံစံ**

ရက်စွဲ၊ - -

သို့

အတွင်းရေးမှူး

မြေဩဇာကော်မတီ

မွန်ပြည်နယ်

အကြောင်းအရာ။ **စီးပွားရေးအလို့ငှာမြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း။**

၁။ ------------------------------------ကုမ္ပဏီ/လုပ်ငန်းမှ ဦး/ဒေါ် -------------------ကို စီးပွားရေးအလို့ငှာ မြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းလိုင်စင်အမှတ်-------------------------ဖြင့် မွန်ပြည်နယ်အတွင်း မြေဩဇာပေါင်းစပ်/ ရောနှော/ပြန်လည်ထုပ်ပိုး/ သိုလှောင်ခွင့်ပြုခဲ့ပါသည်။

၂။ အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------------------

၃။ မြေဩဇာပေါင်းစပ်/ ရောနှော/ပြန်လည်ထုပ်ပိုး/ သိုလှောင်မည့် ဆိုင်/ကုမ္ပဏီအမည်နှင့်လိပ်စာ ------------------------------------------------------------------------------

၄။ ပေါင်းစပ်/ ရောနှော/ပြန်လည်ထုပ်ပိုး/ သိုလှောင်မည့် မြေဩဇာများ

| **အမှတ်စဉ်** | **အမည်** | **စံချိန်စံညွှန်း** | **ထုပ်ပိုးပစ္စည်း** | | |
|---|---|---|---|---|---|
| | | | **အမျိုးအစား** | **အရွယ်အစား** | **အသားတင်အလေးချိန်** |
| ၁။ | -------- | ------------ | ------------ | ------------- | --------------------- |
| ၂။ | -------- | ------------ | ----------- | ------------- | --------------------- |
| ၃။ | -------- | ------------ | ----------- | ------------- | ---------------------- |

၅။ အထက်ဖော်ပြပါ စီးပွားရေးအလို့ငှာမြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းလိုင်စင်သည် -----------------------နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် မြေဩဇာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့် ခွင့်ပြုပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

**"မှတ်ချက်"** မူလလိုင်စင်လက်မှတ်ကို ပူးတွဲတင်ပြအပ်ပါသည်။

-------------------

(လျှောက်ထားသူလက်မှတ်)

နောက်ဆက်တွဲပုံစံ (၁၀)

# မွန်ပြည်နယ်မြေသြဇာကော်မတီ
## စီးပွားရေးအလို့ငှာ မြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်း သက်တမ်းတိုးမြှင့်ခွင့်ပြုလိုင်စင်

ရက်စွဲ၊ - -

၁။ စီးပွားရေးအလို့ငှာမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်း လိုင်စင်အမှတ်---------------------ကို ----------------------ရက်စွဲပါ လျှောက်လွှာအမှတ် ----------ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခဲ့ရာ မွန်ပြည်နယ်မြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ) အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

၂။ လျှောက်ထားသူ

(က) အမည် -----------------------------------------------

(ခ) ကုမ္ပဏီ/လုပ်ငန်း -----------------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံခြားသားမှတ်ပုံတင်အမှတ် -----------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ -----------------------------------------------

၅။ မြေသြဇာပေါင်းစပ်/ ရောနှော/ပြန်လည်ထုပ်ပိုး/ သိုလှောင်မည့် ဆိုင်/ကုမ္ပဏီအမည်နှင့်လိပ်စာ

--------------------------------------------------------------------------------

၆။ ပေါင်းစပ်/ ရောနှော/ပြန်လည်ထုပ်ပိုး/ သိုလှောင်မည့် မြေသြဇာများ

| အမှတ်စဉ် | အမည် | စံချိန်စံညွှန်း | ထုပ်ပိုးပစ္စည်း | | |
|---|---|---|---|---|---|
| | | | အမျိုးအစား | အရွယ်အစား | အသားတင်အလေးချိန် |
| ၁။ | -------- | ------------ | ------------ | ------------- | -------------------- |
| ၂။ | -------- | ------------ | ----------- | ------------- | -------------------- |
| ၃။ | -------- | ------------ | ----------- | ------------- | -------------------- |

၇။ မြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်နေ့ရက် -----------------------------

ရုံးတံဆိပ်

(အတွင်းရေးမှူး)
မြေသြဇာကော်မတီ
မွန်ပြည်နယ်

နောက်ဆက်တွဲပုံစံ (၁၁)

## မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်လွှာပုံစံ

ရက်စွဲ၊ - -

သို့

အတွင်းရေးမှူး

မြေသြဇာကော်မတီ

မွန်ပြည်နယ်

အကြောင်းအရာ။ **မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန်လျှောက်ထားခြင်း။**

၁။ -----------------------------------ကုမ္ပဏီ/လုပ်ငန်းမှ ဦး/ဒေါ် ------------------ကို မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်အမှတ်-------------------------ဖြင့် မွန်ပြည်နယ်အတွင်း မြေသြဇာဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ပါသည်။

၂။ အမြဲတမ်းနေရပ်လိပ်စာ -----------------------------------------------------

၃။ မြေသြဇာဖြန့်ဖြူးရောင်းချမည့် ကုမ္ပဏီ/လုပ်ငန်းအမည်နှင့်လိပ်စာ

--------------------------------------------------------------------------------

၄။ ဖြန့်ဖြူးရောင်းချမည့် မြေသြဇာများ

| **အမှတ်စဉ်** | **အမည်** | **စံချိန်စံညွှန်း** | **ထုပ်ပိုးပစ္စည်း အမျိုးအစား** | **ထုပ်ပိုးပစ္စည်း အရွယ်အစား** | **အသားတင်အလေးချိန်** |
|---|---|---|---|---|---|
| ၁။ | -------- | ------------ | ------------ | ------------- | --------------------- |
| ၂။ | -------- | ------------ | ----------- | ------------- | --------------------- |
| ၃။ | -------- | ------------ | ----------- | ------------- | --------------------- |

၅။ အထက်ဖော်ပြပါ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်သည် -----------------------နေ့တွင် သက်တမ်းကုန်ဆုံးမည့်ဖြစ်သဖြင့် မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့် ခွင့်ပြုပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

**"မှတ်ချက်"** မူလလိုင်စင်လက်မှတ်ကို ပူးတွဲတင်ပြအပ်ပါသည်။

--------------------

(လျှောက်ထားသူလက်မှတ်)

နောက်ဆက်တွဲပုံစံ (၁၂)

# မွန်ပြည်နယ်မြေသြဇာကော်မတီ
## မြေသြဇာဖြန့်ဖြူးရောင်းချခွင့် သက်တမ်းတိုးမြှင့်ခွင့်ပြုလိုင်စင်

ရက်စွဲ၊ - -

၁။ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်အမှတ်--------------------ကို -------------------- ရက်စွဲပါလျှောက်လွှာအမှတ်-----------ဖြင့် မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခဲ့ရာ ယင်းမြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်အား မွန်ပြည်နယ်မြေသြဇာများစနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ) အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

၂။ လျှောက်ထားသူ

(က) အမည် ----------------------------------------------------

(ခ) ဆိုင်/ကုမ္ပဏီ ----------------------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ----------------------------------------------------
နိုင်ငံခြားသားမှတ်ပုံတင်အမှတ်

၄။ အမြဲတမ်းနေရပ်လိပ်စာ ----------------------------------------------------

၅။ မြေသြဇာဖြန့်ဖြူးရောင်းချမည့် ကုမ္ပဏီ/လုပ်ငန်းအမည်နှင့်လိပ်စာ--------------------------

၆။ ဖြန့်ဖြူးရောင်းချမည့် မြေသြဇာများ

| **အမှတ်စဉ်** | **အမည်** | **စံချိန်စံညွှန်း** | | **ထုပ်ပိုးပစ္စည်း** | |
|---|---|---|---|---|---|
| | | | **အမျိုးအစား** | **အရွယ်အစား** | **အသားတင်အလေးချိန်** |
| ၁။ | -------- | ----------- | ----------- | ------------ | -------------------- |
| ၂။ | -------- | ----------- | ---------- | ------------ | -------------------- |
| ၃။ | -------- | ----------- | ---------- | ------------ | -------------------- |

၇။ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် သက်တမ်းကုန်ဆုံးသည့်နေ့ရက် -----------------------

(အတွင်းရေးမှူး)
မြေသြဇာကော်မတီ
မွန်ပြည်နယ်

ရုံးတံဆိပ်